## စုစည်းရှာ



ဗီယက်နမ်စစ်ပွဲတုန်းက
သွပ်ဆူးကြိုးကာ ရှာမျိုး
စုစည်းရှာ
နောက်ဆုံးပေါ် ပြသနာ
အကြီးမားဆုံး
နို့တိုက်သတ္တဝါတွေရဲ့
အစုလိုက် အပြုံလိုက် တောပြောင်းခြင်း။

ဒါ
ကမ္ဘာကျော်သွားတဲ့
Shiddler's List ဇာတ်ကားရဲ့
ဇာတ်ဝင်ခန်းတခုလို ပီပြင်ပ
ရုပ်ဆိုးစွာလှပ။

မျက်နှာအတုတပ်ထားတဲ့
ငြိမ်းချမ်းရေးစားပွဲပေါ်
နိမိတ်တွေတော်လဲ
လဲသေနေတဲ့ ချိုးငှက်တကောင်။ ။

တိုးသစ်